# အမျိုးသားညီညွတ်ရေးအစိုးရ
# ကာကွယ်ရေးဝန်ကြီးဌာန
# ရန်ကုန်တိုင်းစစ်ဒေသခွဲကွပ်ကဲရေးအဖွဲ့

ကာကွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ရန်ကုန်တိုင်းစစ်ဒေသခွဲကွပ်ကဲရေးအဖွဲ့

**ရန်ကုန်တိုင်းစစ်ဒေသခွဲကွပ်ကဲရေးအဖွဲ့၏**

**သတင်းထုတ်ပြန်ချက်အမှတ်စဉ် (၁၃)**

၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၁ ရက်

(၁၃၈၃ ခုနှစ် နတ်တော်လပြည့်နေ့)

၁။ ရန်ကုန်တိုင်းစစ်ဒေသခွဲကွပ်ကဲရေးအဖွဲ့သည် အကြမ်းဖက် စစ်ကောင်စီတပ်များအပေါ် စစ်ရေးအရ အရေးယူတုန့်ပြန်တိုက်ခိုက်နိုင်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိရာ "ပျံလွှားအောင်" စစ်ဆင်ရေးအနေဖြင့် အောက်ပါစစ်ဆင်ရေးလှုပ်ရှားမှုများကို ဆက်လက်ဆောင်ရွက်ခဲ့ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်-

(က) ဒဂုံမြို့သစ် အရှေ့ပိုင်းမြို့နယ်၊ တိုးကြောင်လေးနှင့် ရွာသာကြီးဘူတာကြား ရန်ကုန်-မန္တလေးရထားလမ်းပေါ်တွင် အကြမ်းဖက်စစ်ကောင်စီ ထောက်ပို့ရထားအား ဒီဇင်ဘာလ ၂၈ ရက်နေ့ မွန်းတည့် ၁၂ နာရီအချိန်ခန့်တွင် ပြည်သူ့ကာကွယ်ရေးအဖွဲ့ဖြစ်သည့် Myanmar Defense Force (Yangon)က TNT မိုင်း ၃ လုံးဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့ခြင်း၊

(ခ) စမ်းချောင်းမြို့နယ်၊ ခတ္တာလမ်းရှိ အကြမ်းဖက်စစ်ကောင်စီ၏ အုပ်ချုပ်ရေးအထောက်အကူပြုရုံးကို ဒီဇင်ဘာလ ၂၉ ရက်နေ့၊ နေ့လည်ပိုင်းတွင် ပြည်သူ့ကာကွယ်ရေးအဖွဲ့တစ်ဖွဲ့ဖြစ်သည့် People Network (PN) အဖွဲ့ဝင်များက မိုင်းခွဲတိုက်ခိုက်ခဲ့ရာ ရုံးအဆောက်အအုံပျက်စီးခဲ့ခြင်း၊

(ဂ) ရွှေပြည်သာမြို့နယ်၊ လှော်ကားတာဆုံအနီးရှိ အကြမ်းဖက်စစ်ကောင်စီ၏ ယာဉ်ထိန်းရဲစခန်းကို ဒီဇင်ဘာ ၃၁ ရက် နံနက်ပိုင်းတွင် ပြည်သူ့ကာကွယ် ရေးအဖွဲ့တစ်ဖွဲ့ဖြစ်သည့် Moonlight တပ်ဖွဲ့ဝင်များက လက်ပစ်ဗုံးများဖြင့် ပစ်ခတ် တိုက်ခိုက်ခဲ့ရာ ရန်သူ တပ်သား ၁ ဦး သေဆုံးပြီး အချို့ ဒဏ်ရာရရှိခဲ့ခြင်း၊

ရန်ကုန်တိုင်းစစ်ဒေသခွဲကွပ်ကဲရေးအဖွဲ့

(ဃ) တာမွေမြို့နယ်၊ တာမွေဈေးအနီးရှိ ပြည်သူလူထုအား တိုက်ခိုက်ရန်ပြုရာတွင် အကြမ်းဖက်စစ်ကောင်စီတပ်သားများ ထိန်းချုပ်အသုံးပြုလျက်ရှိသည့် CCTV Control Box ကို ဒီဇင်ဘာ ၃၁ ရက် နံနက် ၇ နာရီအချိန်ခန့်တွင် ပြည်သူ့ ကာကွယ်ရေးအဖွဲ့များ ဖြစ်သည့် YPDF-Bahan နှင့် Anonymous Force တပ်ဖွဲ့ဝင်များပူးပေါင်း၍ မီးရှို့ ဖျက်ဆီးခဲ့ခြင်း၊

(င) ဗဟန်းမြို့နယ်၊ တက္ကသိုလ်ရိပ်သာလမ်းနှင့် ဆရာစံလမ်းထောင့်အနီးတွင် နေရာယူထားသည့် အကြမ်းဖက်စစ်ကောင်စီတပ်ဖွဲ့ဝင်များနှင့် တပ်ယာဉ်တန်းကို ပြည်သူ့ကာကွယ်ရေးအဖွဲ့တစ်ဖွဲ့ဖြစ်သည့် Moonlight တပ်ဖွဲ့ဝင်များက ဒီဇင်ဘာ ၃၁ ရက်နေ့ နံနက် ၁၀ နာရီအချိန်ခန့်တွင် မိုင်းဖောက်ခွဲတိုက်ခိုက်ခဲ့ရာ ရန်သူတပ်ဖွဲ့ဝင် ၂ ဦးထိခိုက်ဒဏ်ရာရရှိခဲ့ခြင်း၊

(စ) မရမ်းကုန်းမြို့နယ်၊ သမိုင်းလမ်းဆုံရှိ အကြမ်းဖက်စစ်ကောင်စီတပ်များ နေရာယူထားသည့် ရဲကင်းကို ပြည်သူ့ကာကွယ်ရေးအဖွဲ့တစ်ဖွဲ့ဖြစ်သည့် Moonlight တပ်ဖွဲ့ဝင်များက ဒီဇင်ဘာ ၃၁ ရက်နေ့ နံနက် ၁၀ နာရီခွဲအချိန်ခန့်တွင် လက်ပစ်ဗုံးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ ရန်သူတပ်ဖွဲ့ဝင် ၅ ဦးထိခိုက်ဒဏ်ရာရရှိခဲ့ခြင်း၊

(ဆ) ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ကျန်စစ်သားလမ်းနှင့် ရာဇဓိရာဇ်လမ်းထောင့်သို့ လာရောက်သည့် အကြမ်းဖက်စစ်ကောင်စီတပ်သားများကို ပြည်သူ့ကာကွယ်ရေးအဖွဲ့တစ်ဖွဲ့ဖြစ်သည့် HRD(MO8) တပ်ဖွဲ့ဝင်များက ဒီဇင်ဘာ ၃၁ ရက်နေ့ နေ့လည် ၂ နာရီခန့်တွင် မိုင်းခွဲတိုက်ခိုက်ခဲ့ရာ ရန်သူစစ်သား ၃ ဦးသေဆုံးပြီးအချို့ ဒဏ်ရာရရှိခဲ့ခြင်း၊

(ဇ) အင်းစိန်မြို့နယ်၊ အောင်ဇေယျတံတားပေါ်နှင့် အောင်ဆန်းပုံနှိပ်တိုက်အနီးနေရာများတွင် ကင်းလှည့်နေသည့် အကြမ်းဖက်စစ်ကောင်စီတပ်သားများကို ဒီဇင်ဘာ ၃၁ ရက် ညနေပိုင်းတွင် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင်များက မိုင်းခွဲတိုက်ခိုက်ခဲ့ခြင်း၊

(ဈ) မင်္ဂလာဒုံမြို့နယ်၊ ကြခင်းစုရပ်ကွက်ရှိ အကြမ်းဖက်စစ်ကောင်စီ၏ လေတပ်စခန်းဂိတ်အနီးနှင့် လေတပ်ဝန်းအတွင်းတစ်နေရာတွင် ဒီဇင်ဘာလ ၃၁ ရက်နေ့၊ ညနေ ၆ နာရီခွဲအချိန်ခန့်တွင် ပြည်သူ့ကာကွယ်ရေးအဖွဲ့တစ်ဖွဲ့ဖြစ်သည့် YUG အဖွဲ့ဝင်များက မိုင်းများဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့ခြင်း၊

(ည) တောင်ဒဂုံမြို့နယ်၊ ၅၃ ရပ်ကွက်၊ ရတနာပုံလမ်းမကြီးပေါ်တွင် ဖြတ်သန်းသွားသည့် အကြမ်းဖက်စစ်ကောင်စီ တပ်ယာဉ်တန်းကို ဒီဇင်ဘာ ၃၁ ရက်နေ့ ညနေ ၆ နာရီခွဲ အချိန်ခန့်တွင် ပြည်သူ့ကာကွယ်ရေးအဖွဲ့တစ်ဖွဲ့ဖြစ်သည့် YUG အဖွဲ့ဝင်များက မိုင်းများဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့ခြင်း၊

(ဋ) မြောက်ဒဂုံမြို့နယ်၊ ၃၇ ရပ်ကွက်ရှိ အကြမ်းဖက်စစ်ကောင်စီတပ်များ တပ်စွဲထားရာ နေရာများကို ဒီဇင်ဘာလ ၃၁ ရက် ညပိုင်းတွင် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင်များက မိုင်းခွဲတိုက်ခိုက်ခဲ့ခြင်း၊

(ဌ) ကြည့်မြင်တိုင်မြို့နယ်၊ ပန်းပင်ကြီးလမ်း၊ EPC ရုံးအနီးရှိ အကြမ်းဖက်စစ်ကောင်စီတပ်များတပ်စွဲထားရာနေရာကို ဒီဇင်ဘာ ၃၁ ရက် ညပိုင်းတွင် ပြည်သူ့ကာကွယ်ရေးအဖွဲ့တစ်ဖွဲ့ဖြစ်သည့် YUG အဖွဲ့ဝင်များက မိုင်းများဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့ခြင်း၊

(ဍ) လှိုင်သာယာမြို့နယ်၊ အမှတ် ၂၀ ရပ်ကွက်၊ ဗိုလ်တေဇလမ်းရှိ အကြမ်းဖက်စစ်ကောင်စီ တပ်များတပ်စွဲထားသည့်နေရာကို ဒီဇင်ဘာ ၃၁ ရက်နေ့ ညပိုင်းတွင် ပြည်သူ့ကာကွယ်ရေးအဖွဲ့ဝင်များက ဗုံးခွဲတိုက်ခိုက်ခဲ့ရာ ရန်သူစစ်သားအချို့ ထိခိုက်ဒဏ်ရာ ရရှိခဲ့ခြင်း၊

(ဎ) ကြည့်မြင်တိုင်မြို့နယ်၊ ထီးတန်း ၂ လမ်းရှိ အကြမ်းဖက်စစ်ကောင်စီတပ်ဖွဲ့ဝင်များကို ဒီဇင်ဘာ ၃၁ ရက်နေ့ ညပိုင်းတွင် ပြည်သူ့ကာကွယ်ရေးအဖွဲ့တစ်ဖွဲ့ဖြစ်သည့် ဗမာ့လူငယ်ကွန်ရက်အဖွဲ့ဝင်များက ဗုံးခွဲတိုက်ခိုက်ခဲ့ရာ အကြမ်းဖက်စစ်ကောင်စီတပ်မှ ဗိုလ်မှူးအဆင့်ရှိ တင်အောင်စိုးဆိုသူ၏ မာစီဒီးအမျိုးအစား မော်တော်ယာဉ် ပျက်စီးခဲ့ခြင်း၊

ရန်ကုန်တိုင်းစစ်ဒေသခွဲကွပ်ကဲရေးအဖွဲ့

**ရန်ကုန်တိုင်းစစ်ဒေသခွဲကွပ်ကဲရေးအဖွဲ့**